## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
## (၃၄)ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
### (၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက်)
### (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို နံနက် ၁၀း၂၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၂၅။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၁၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၂၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၇-၅-၂၀၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊

(၂) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊

(၃) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်

(၄) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၁ ရက်နှင့်

(၅) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းလှသိန်း ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားသူ ၁၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**စိုက်ပျိုးရေးလုပ်ကိုင်ကြသောတောင်သူဦးကြီးများအား ယခင်နှစ်များတွင် စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါးစိုက်ပျိုးသူနှင့် ချက်ကြံစိုက်တောင်သူများအား (၁)ဧကလျှင် ၁၀၀၀၀၀(တစ်သိန်းကျပ်)နှုန်းနှင့် ပဲမျိုးစုံ၊ နှမ်း၊ ဆီထွက်သီးနှံ၊ ဝါစိုက်တောင်သူများအား(၁)ဧကလျှင် ကျပ် ၂၀၀၀၀(နှစ်သောင်း)နှုန်းတို့ဖြင့် သတ်မှတ်ထုတ်ချေးပေးခဲ့ရာ ယာစိုက်တောင်သူများမှာ အမှန်တကယ်ကုန်ကျမည့်စရိတ်နှင့် အဆပေါင်းများစွာ ကွာခြားနေပါသောကြောင့် ထပ်မံတိုးမြှင့်ထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် တိုးမြှင့်ထုတ်ချေးမပေးနိုင်ပါက မည်သည့်အတွက်ကြောင့် မပေးနိုင်သေးကြောင်း၊ အစီအစဉ်ရှိပါက မည်သည့်ရာသီချိန်မှစတင်၍ မည်မျှတိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသော တောင်သူဦးကြီးများအား စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးပေးရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ကိုင်ကြသော တောင်သူဦးကြီးများအား နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးမြှင့်တင်ပေးရန် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သော အစိုးရမှာ များစွာတာဝန်ရှိနေပါတယ်။ ဒါကြောင့်လည်း ယခင်နှစ်များက စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါးစိုက်တောင်သူများနှင့် ချက်ကြံစိုက်တောင်သူများအား တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်းနှင့် ပဲမျိုးစုံ၊ နှမ်း၊ ဆီထွက်သီးနှံ၊ ဝါစိုက်တောင်သူများအား တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် သတ်မှတ်ထုတ်ချေးပေးခဲ့ပါတယ်။ သို့သော်လည်း ယခုနှစ်မှာဆိုရင် မိုးစပါးစိုက်တောင်သူများအား တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဟု သိရှိရတဲ့အတွက် တောင်သူဦးကြီးများမှာ များစွာဝမ်းသာပီတိဖြစ်နေကြပါတယ်။ သို့သော်လည်းပဲ ယာစိုက်တောင်သူများမှာ မျိုးတန်ဖိုး၊ သွင်းအားစု၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းထိုးခနှင့် ရိတ်သိမ်းခတို့ကို ပေါင်းစပ်လိုက်လျှင် ၁၈၅၀၀၀ ကျပ်နှင့် နွားထွန်ငှားခ ကျပ် ၃၅၀၀၀ စုစုပေါင်း တစ်ဧက ကုန်ကျစရိတ်

မှာ ကျပ် ၂၂၀၀၀၀ နှုန်း ဖြစ်နေပါတယ်။ ထို့ကြောင့် နိုင်ငံတော်မှ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် ယာစိုက်တောင်သူများအား ထုတ်ချေးပေးသော ပမာဏနှင့် အမှန်တကယ်ကုန်ကျသော ပမာဏတို့မှာ များစွာကွာခြားလွန်းနေသေးကြောင်း အမှန်တကယ်ယာစိုက်တောင်သူများရဲ့ တင်ပြချက်အရ သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ယာစိုက်တောင်သူ များအား စိုက်ပျိုးစရိတ်ချေးငွေ ထပ်မံထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် တိုးမြှင့်ထုတ်ချေးပေးနိုင်ခြင်းမရှိသေးပါက မည်သည့်အတွက်ကြောင့် မပေးနိုင်သေးကြောင်းနှင့် တိုးမြှင့်ထုတ်ချေးပေးရန် အစီအစဉ်ရှိပါက မည်သည့်ရာသီချိန်မှစ၍ မည်သည့်နှုန်းထားဖြင့် တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ကျေးဇူးရှင်တောင်သူဦးကြီးများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာမှာ ပဲမျိုးစုံ၊ နှမ်း၊ ဆီထွက်သီးနှံ၊ ဝါစိုက်တောင်သူများအား တစ်ဧကကျပ် ၂၀၀၀၀ နှုန်းဖြင့် သတ်မှတ်ထုတ်ချေးသဖြင့် အမှန်တကယ်ကုန်ကျမည့်စရိတ်နှင့် အဆပေါင်းများစွာကွာခြားနေပါသဖြင့် ထပ်မံတိုးမြှင့်ထုတ်ချေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်ကတော့ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းကနေ ဖြေကြားမှာဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ဖြေကြားရမယ်ဆိုလို့ရှိရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တောင်သူလယ်သမားများသို့ ထုတ်ချေးပေးရန် စပါးသီးနှံ တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းအတွက် ကျပ်သန်းပေါင်း ၁.၆၄ သန်း၊ အခြားသီးနှံအတွက် ကျပ်သန်းပေါင်း ၁၁၀၀၀၀၊ ချက်ကြံအတွက် ကျပ်သန်းပေါင်း ၁၅၀၀၀ စုစုပေါင်းကျပ်သန်းပေါင်း ၁.၈ သန်းခန့် လိုအပ်မည်ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်နှင့် ဗဟိုဘဏ်တို့၏ ယခုနှစ်အတွက် ကျပ်သန်း ၁.၇ သန်း ချေးယူခွင့်ရရှိ ခဲ့ပါတယ်။ ယခင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကစပြီးတော့ တောင်သူလယ်သမားများ

သို့ ထုတ်ချေးပေးရန် ကျပ်သန်း ၁.၂ သန်းအား လိုအပ်ခဲ့သော်လည်း ယခုနှစ် စပါးသီးနှံတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးနိုင်ရေးအတွက် ကျပ်သန်း ၅၇၆၀၆၃ ပိုမိုချေးယူရန် လိုအပ်မည်ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလိုထုတ်ချေးပေးရာမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် လိုအပ်သော ရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်နှင့် ဗဟိုဘဏ်တို့၏ သတ်မှတ်အတိုးဖြင့် ချေးယူရပြီးတော့ ချေးယူခွင့်ရရှိသည့် ငွေပမာဏအပေါ် မူတည်ပြီးတော့ နိုင်ငံတော်၏အဓိကစားသုံးသီးနှံဖြစ်တဲ့ စပါး သီးနှံအတွက် ဦးစားပေးထုတ်ချေးပေးခြင်းသာဖြစ်ပြီးတော့ ကျန်သီးနှံများအတွက် ရရှိချေးငွေ ထုတ်ချေးပေးနိုင်ရန် လုံလောက်မှုမရှိသဖြင့် လောလောဆယ်ထုတ်ချေးပေးနိုင်ခြင်းမရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)။** ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ တစ်ဆက်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော်သိလိုတာက ယခုနှစ်မိုးရာသီ အချိန်မီ ယာသမားတွေအတွက် စိုက်ပျိုးစရိတ်ထုတ်ချေးတိုးမြှင့်ပေးရန် အစီအစဉ်မရှိသော်လည်းပဲ မည်သည့်ရာသီချိန်တွင် တိုးမြှင့်ထုတ်ချေးပေးရန် အစီအစဉ်ရှိပါသလား သိရှိလို၍ တစ်ဆက်တည်း မေးမြန်းချင်ပါတယ်ခင်ဗျား။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ကိုယ်စားလှယ်တော်ကြီးမေးတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြည့်စွက်ဆွေးနွေး ရမယ်ဆိုလို့ရှိရင် တော့ ကျွန်တော်တို့ နိုင်ငံရဲ့အစိုးရသစ်မှာ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ ကျပ် ၁၀၀၀၀၀ ချေးတယ်။ ဒီနှစ်ကတော့ ကျပ် ၁၅၀၀၀၀ အဖြစ် ကျပ် ၅၀၀၀၀ ထပ်ပြီးတော့ တိုးချေးတယ်။ ချေးတဲ့ဧရိယာ ကလည်း စိုက်ဧက ၁၆ သန်းရှိတဲ့ ဆန်စပါးအဓိကစိုက်ပျိုးတဲ့လယ်သမားတွေကို ဦးစားပေးချေးရတဲ့ အတွက် ဒီဘတ်ဂျက်ကိုက မလုံလောက်တဲ့အတွက် ကျွန်တော်တို့ ထပ်ပြီးတော့ မြန်မာ့စီးပွားရေးဘဏ် ကနေ ပြီးတော့မှ အတိုးနှုန်းသက်သက်ချေးယူပြီးတော့မှ တောင်သူတွေကို အဆင်ပြေအောင် ဦးစားပေးအစီအစဉ်နဲ့ ပထမဦးဆုံး တတ်နိုင်တဲ့ငွေကြေးကို အရေးကြီးဆုံးသီးနှံဖြစ်တဲ့ စပါးနှင့်ကြံမှာ ချေးတဲ့အတွက် ကျန်သီးနှံဖြစ်တဲ့ အခုကိုယ်စားလှယ်တော်ကြီးဆွေးနွေးတဲ့ ပဲသီးနှံနှင့်ပတ်သက်လို့က ကျွန်တော်တို့ လောလောဆယ်မှာ အခြေအနေမရှိပါဘူး။ သို့သော်လည်း ကျွန်တော်တို့ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးလာတဲ့အခါမှာ နိုင်ငံရဲ့ထုတ်ကုန်တွေကို တိုးတက်ထုတ်လုပ်ရန် ကြိုးစားဖို့

အလားအလာအနေအထားရှိတဲ့အတွက် တိုးတက်လာတဲ့စီးပွားရေးနှင့်အညီ ကိုယ်စားလှယ်တော်ကြီး ပြောတဲ့ ပဲမျိုးစုံနှင့်ပတ်သက်တဲ့သီးနှံကလည်း ဧကအားဖြင့် တစ်သန်းခွဲကျော်ကျော်လောက်ပဲ ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံမှာ ဒီပဲမျိုးစုံသီးနှံကလည်း စပါးပြီးရင် ဒုတိယ နိုင်ငံရဲ့ဝင်ငွေရှာတဲ့သီးနှံဖြစ်တဲ့အတွက် စပါးနဲ့ကြံပြီးရင် ဒုတိယဦးစားပေးအစီအစဉ်နဲ့ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း အချိန်အားဖြင့် အတိအကျပြောရန် အလွန် ခက်ပါကြောင်း ရှင်းလင်းပြောကြားလိုပါတယ်ခင်ဗျား။

**ရသေ့တောင်မြို့နယ်တွင် ဆိပ်ကြီးဆည်နှင့်ရေပိုလွှဲ တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဆိပ်ကြီးချောင်းသည် ရသေ့တောင်မြို့နယ်၊ မေယုမြစ် အနောက်ဘက်ခြမ်းရှိ ငွေးတောက်ချောင်းအထက်ပိုင်း ရန်အောင်ပြင်ကျေးရွာအုပ်စုနဲ့ သစ်ကတိုး ကျေးရွာအုပ်စုကြား မေယုတောင်ခြေရင်းအနီးတွင် တည်ရှိပါတယ်။ ဒီဆိပ်ကြီးချောင်းဟာ မိုးရာသီမှာ ရေချိုစိုးမိုးပြီးတော့ ဆောင်းနဲ့နွေရာသီများမှာ ဆားငန်ရေဝင်ရောက်စီးဆင်းပါတယ်။ ဆားငန်ရေ ဝင်ရောက်စီးဆင်းမှုကြောင့် အဆိုပါချောင်းနံဘေးတွင် တည်ရှိနေကြတဲ့ ကျေးရွာပေါင်း ၁၂ ရွာတို့မှာ ရေတိုက်စားတဲ့ အတွက် ကမ်းပါးပြိုကျခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း တို့ကြောင့် ဒီရေတက်တဲ့ အတွက် လယ်မြေများ ဆားငန်ရေဝင်ရောက်ကာပျက်စီးခြင်း၊ စပါးသီးနှံ အထွက်နှုန်း ကျဆင်းခြင်းတို့ တဖြည်းဖြည်းပိုများလာသည်ကို ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်ရှင်။ ထို့အပြင် ငွေးတောက်ချောင်း အနီးရှိ ညောင်ပင်လှကျေးရွာ၊ လုံးတင်ကျေးရွာနှင့် ပြာပင်ရင်းကျေးရွာရှိ အိမ်ခြေအားလုံးဟာ တစ်နှစ် လုံးနီးပါး ဒီရေရောက်ရှိလွှမ်းမိုးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ နေကြရပါတယ်။ ရသေ့တောင်မြို့နယ် မေယုမြစ်အနောက်ဘက်အခြမ်းရှိ ကျေးရွာများမှ ဒေသခံ ပြည်သူများဟာ ရသေ့တောင်မြို့နယ်ကို သွားလာရန် မြစ်ကူး ကူးတို့ဆိပ်ကူးရာမှာ လည်းကောင်း၊ ကျောင်းသားကျောင်းသူများ ရန်အောင်ပြင် အထက်တန်းကျောင်းခွဲသို့ သွားလာရာတွင်လည်း စံချိန်စံညွှန်းမီတဲ့မြေသားလမ်း၊ ကျောက်ချောလမ်း များ ဖောက်လုပ်ပြီး ဖြစ်သော်လည်း ဤချောင်းခြားထားတဲ့ အတွက်ကြောင့် ကား၊ စက်ဘီး၊ ဆိုင်ကယ်များဖြင့် သွားလာရာမှာ အခက်အခဲ

ကြုံတွေ့နေရပါတယ်။ ဒီဆည်တည်ဆောက်ပေး မယ်ဆိုလို့ရှိရင် ကျေးရွာများ ရေနစ်မြုပ်မှု၊ ကမ်းပါးပြိုကျမှုဒဏ်များ လျော့နည်းပပျောက်သွားနိုင်ပြီးတော့ ဒီရေရောက် တောများ ဒီရေရောက်ရှိပြီးတော့ စပါးစိုက်ခင်းများပျက်စီးသဖြင့် စိုက်ပျိုးခြင်းမပြု နိုင်တော့တဲ့ ပလပ် လယ်ယာမြေများကို စိုက်ပျိုးမြေအဖြစ် ပြန်လည်တိုးချဲ့ လုပ်ကိုင်နိုင်လာသည့်အပြင် ဆားငန်ရေကြောင့် အထွက်နှုန်းကျဆင်းနေတဲ့လယ်ယာမြေများအထွက်နှုန်း ပြန်လည်တိုးတက်လာမှာ ဖြစ်ပါတယ်ရှင်။ ထို့အပြင် မေယုတောင်မှ မိုးရာသီအတွင်း စီးဆင်းလာတဲ့နုန်းမြေများ လယ်ထဲသို့ စီးဆင်းဝင်ရောက်လာနိုင်တဲ့အတွက် မြေဆီလွှာတိုးတက်ဖြစ်ထွန်းမှုကိုလည်း ဖြစ်စေခြင်းအပြင် ကျေးရွာပေါင်း ၁၄ ရွာအတွင်း ဒီရေရောက်တော မြေလွတ်မြေရိုင်းများနဲ့ ပလပ်မြေ ၁၆၀၀ ဧကကို စိုက်ပျိုးမြေအဖြစ် တိုးတက်ပြောင်းလဲလာနိုင်ပြီးတော့ လယ်မြေဧက ၁၃၇၀ ကို ဆောင်းသီးနှံအဖြစ် တိုးတက်စိုက်ပျိုး လုပ်ကိုင်နိုင်မည်ဖြစ်ပြီးတော့ စုစုပေါင်းစိုက်ပျိုးဧက မြေဧရိယာ ၈၀၁၀ ဧက တိုးတက် လုပ်ကိုင်လာနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒီဆည်ကိုတည်ဆောက်ပေးနိုင်မည်ဆိုပါက ကျေးရွာများရေနစ်မြုပ်ခြင်း၊ ကမ်းပါးပြိုကျ၍ လယ်ယာမြေများပျက်စီးဆုံးရှုံးခြင်းများကို ကာကွယ်ပေးနိုင်မည့်အပြင် စိုက်ပျိုးမြေများ တိုးတက်ဖြစ်ထွန်းစေခြင်း၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ထားပြီးဖြစ်သော်လည်း ချောင်းခြားထားမှုများကြောင့် ကူးလူးသွားလာမှုကို အဟန့်အတားဖြစ်နေတဲ့ကျေးရွာများမှာ သွားလာဆက်သွယ်ရေးပိုမိုတိုးတက်ကောင်းမွန်လာစေတဲ့အတွက်ကြောင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမွဲတေမှုလျှော့ချရေးတို့ကို အဓိကအထောက်အကူပြုနိုင်တဲ့အတွက် ဒီဆိပ်ကြီးဆည်နဲ့ ရေပိုလွှဲတည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိမေးမြန်းလိုပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရသေ့တောင်မြို့နယ်မှာ ဆိပ်ကြီးဆည်နှင့် ရေပိုလွှဲ တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့မေးခွန်းအပေါ်မှာ ဖြေကြားရမယ်ဆိုလို့

ရှိရင်တော့ ဆိပ်ကြီးချောင်းဟာ ရသေ့တောင်မြို့နယ်၊ မေယုမြစ်အနောက်ဘက်ကမ်းမှာရှိတဲ့ ရန်အောင်ပြင်ကျေးရွာအုပ်စုနှင့် သစ်ကတိုးကျေးရွာအုပ်စုအကြား မေယုတောင်ခြေရင်းမှကပ်၍ စီးဆင်းပြီးနောက် မေယုမြစ်အတွင်းသို့ စီးဝင်လျက်ရှိပါသည်။ နွေရာသီနှင့် ဆောင်းရာသီတွင် ပင်လယ်ဒီရေအတက်အကျရှိကာ ဆားငန်ရေဝင်ရောက်သည့်ချောင်း ဖြစ်ပါသည်။ ဆိပ်ကြီးချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်နိုင်ရန် ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ စူးစမ်းလေ့လာခဲ့ရာ မြေမျက်နှာသွင်ပြင်အနိမ့်အမြင့်အနေအထားအရ တမံရေဝပ်ဧရိယာ နည်းပါးလွန်းခြင်းနှင့် တမံတည်ဆောက်မည့်နေရာ၏ အထက်ဘက်ရှိ ကျေးရွာအချို့နှင့် စိုက်ပျိုးမြေဧရိယာများ ရေနစ်မြုပ်နိုင်ခြင်း၊ တမံတည်ဆောက်မည့်နေရာအထိ ဒီရေအတက်အကျရှိခြင်းတို့ကြောင့် ရေလှောင်တမံ တည်ဆောက်ရန်မသင့်လျော်ကြောင်း တွေ့ရှိရပါသည်။

ဆိပ်ကြီးချောင်းအတွင်းသို့ ပင်လယ်ဒီရေဖြစ်သည့် ဆားငန်ရေဝင်ရောက်မှုကြောင့် ချောင်းဘေးဝဲယာရှိ ကျေးရွာပေါင်း ၁၄ ရွာမှ လက်ရှိစိုက်ပျိုးမြေဧက ၅၀၃၀ ခန့်နှင့် မြေလွတ်မြေရိုင်းနှင့် ပလပ်မြေ ၁၆၁၀ ဧက စုစုပေါင်း ၆၆၄၀ ဧကတို့အား ဆားငန်ရေဝင်ရောက်ပြီး ပျက်စီးဆုံးရှုံးခြင်း၊ အထက်ပါကျေးရွာပေါင်း ၁၄ ရွာအနက်မှ ညောင်ပင်လှ၊ လုံးတင်နှင့် ပြာပင်ရင်းကျေးရွာတို့မှ အိမ်ခြေများတစ်နှစ်ပတ်လုံးနီးပါး ဒီရေဖုံးလွှမ်းမှုကြုံတွေ့ရခြင်းနှင့် ဒီရေဝင်ရောက်မှုကြောင့် ကမ်းပါးပြိုကျပြီးလယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်း စသည်တို့ဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဆိပ်ကြီးချောင်းဝအနီးတွင် ရေထိန်းတံခါးနှင့် ရေငန်တားတာတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ရာ လိုအပ်သည့် စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး စူးစမ်းလေ့လာမှုများအရ ဖြစ်မြောက်နိုင်စွမ်းရှိပါက ခန့်မှန်းကုန်ကျငွေတွက်ချက်တင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်၏မေးခွန်းပါ အချက်တစ်ခုဖြစ်သည့် ဘူးသီးတောင်၊ မောင်းတောနှင့် ရသေ့တောင်မြို့နယ်များမှ ဒေသခံပြည်သူများ ကူးလူးဆက်သွယ်သွားလာရေးတွင် အခက်အခဲဖြစ်ပေါ်နေသည့်ကိစ္စနှင့်ပတ်သက်၍ ဆိပ်ကြီးချောင်းကူးတံတားတည်ဆောက်ပေးရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းတည်ဆောက်ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပြီး ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်အတွင်းရှိ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်ပြီး ပြည်သူလူထုသောက်သုံးရေ ရရှိရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည့်မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်အတွင်းရှိ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်ပြီး ပြည်သူလူထုသောက်သုံးရေ ရရှိရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မြေအတွင်း လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ(JICA)တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ စီမံကိန်းပြီးစီးပါက ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအထက်ပိုင်း ရှစ်မိုင်ခန့်အကွာရှိ လဂွန်းပြင်ရေလှောင်တမံမှ တစ်နေ့လျှင် ရေဂါလန် သန်း ၄၀ ထုတ်ယူသုံးစွဲ၍၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သုံးခွကျေးရွာအနီးတည်ရှိတဲ့ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းရေသန့်စင်စက်ရုံမှ နေ့စဉ် ဒဂုံမြို့သစ်(တောင်ပိုင်း)သို့ ရေဂါလန် ခုနစ်သန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)သို့ ရေဂါလန် ငါးသန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)သို့ ရေဂါလန် ရှစ်သန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)သို့ ရေဂါလန် ခုနစ်သန်း၊ သာကေတမြို့နယ်သို့ ရေဂါလန် နှစ်သန်း၊ ဒေါပုံမြို့နယ်သို့ ရေဂါလန် တစ်သန်း၊ သီလဝါအထူးစီးပွားရေးဇုန်သို့ ရေဂါလန် ၁၀ သန်း ပေးပို့နိုင်မည်ဟုသိရှိရပါသဖြင့် ပြည်သူများအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေသော စီမံကိန်းဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းစီမံကိန်းကို ၂၀၁၃ ခုနှစ်၊ မေလ ၄ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် လဂွန်းပြင်ဆည်မှ ရေသွယ်ယူမှု၊ ရေတံခါး၊ အကြိုအနည်ထိုင်ကန်၊ ရေသန့်စင်စက်ရုံနှင့် ရေသန့်စင်ကန်များ၊ ရေတွန်းစက်ရုံ၊ သဲရေစစ်ကန်၊ ရေပိုက်သွယ်ခြင်း၊ ရေယိုအဆောက်အအုံနှင့် လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်။ ရေတွန်းစက်တည်ဆောက်ခြင်း၊ ရေပို့ပိုက်လိုင်းများနှင့်

အိမ်သွယ်ရေပိုက်လိုင်းများ အသစ်သွယ်တန်းခြင်းနှင့် ရေပေးဝေရေးကန့်သတ်ဇရိယာစနစ်တည်ဆောက်ခြင်းသာ ကျန်တော့ပါတယ်။ သို့ပါသော်လည်း စီမံကိန်းပြီးစီးမည့်ကာလကို ၂၀၂၂ ဟု သတ်မှတ်ထားပါသဖြင့် ပြည်သူများအကျိုးခံစားခွင့် နှောင့်နှေးရသလိုဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ လျင်လျင်မြန်မြန်ဆောင်ရွက်ပြီး လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းမှ ရေပေးဝေမှုကို ၂၀၁၈ ခုနှစ်တွင် စတင်ပေးဝေနိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါတယ်။ အကယ်၍ မပေးဝေနိုင်သေးပါကလည်း မည်သည့်အကြောင်းကိစ္စကြောင့်ဖြစ်သည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ တတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဖြေကြားရမယ့်ဆိုရင်တော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မြေအတွင်းရှိ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက တာဝန်ယူ၍ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ နည်းပညာအကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းဖြစ်ပါတယ်။ စီမံကိန်းကို ၄-၅-၂၀၁၃ ရက်နေ့တွင် စတင် အကောင်အထည်ဖော်ခဲ့ရာ တစ်ရက်လျှင် ရေဂါလန်သန်း ၄၀ ထွက်ရှိမည့် ရေသန့်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတွင်ပါဝင်သော ရေယူအဆောက်အအုံ၊ အကြိုအနည်ထိုင်ရန် အနိမ့်ရေတင်စက်ရုံ၊ ရေဖြန့်ခွဲအဆောက်အဦ၊ အနည်ထိုင်ရန် သဲရေစစ်ကန်၊ ရေသန့်ရေစုကန်နှင့် လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းများ (ရေတွန်းစက်ရုံမပါ)မှာ ၉၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါတယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့နှင့် အတိုင်ပင်ခံကုမ္ပဏီတို့၏ ဆွေးနွေးညှိနှိုင်းချက်များအရ လျာထားဆောင်ရွက်သွားမည့် စီမံကိန်းတစ်ခုလုံး၏ ခန့်မှန်းအချိန်ဇယားမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

(က) အကြံပေးလုပ်ငန်းများ စတင်ခြင်း၊ အသေးစိတ် ဒီဇိုင်းအဆုံးသတ်ခြင်းပုံစံနှင့် တင်ဒါစာရွက်စာတမ်းများ ပြင်ဆင်ခြင်းကာလကတော့ ၂၅-၈-၂၀၁၅ မှ ၂၄-၈-၂၀၁၆ အထိ ဖြစ်ပါတယ်။

(ခ) ကြိုတင်အရည်အသွေးသတ်မှတ်ခြင်းအပါအဝင် တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းကာလကတော့ ၂၅-၁-၂၀၁၆ မှ ၂၄-၆-၂၀၁၇ အထိ ဖြစ်ပါတယ်။

(ဂ) လုပ်ငန်းများ စတင်ခြင်းနှင့် ပြီးဆုံးခြင်းကာလကတော့ ၂၅-၆-၂၀၁၇ မှ ၂၄-၇-၂၀၂၀ အထိ ဖြစ်ပါတယ်။

(ဃ) စောင့်ကြည့်ကာလနှင့် အကြံပေးခြင်း၊ လုပ်ငန်းများ ပြီးဆုံးခြင်း ၂၅-၇-၂၀၂၀ မှ ၂၄-၇-၂၀၂၂ အထိ ဒီလို အစီအမံအနေနဲ့ Time Table တွေနဲ့ ဆွဲသွားပြီးတော့ လုပ်တာ ဖြစ်ပါတယ်။

အဓိကရှင်းလင်းတင်ပြတဲ့အချက်မှာ ယခုဆောင်ရွက်နေသည့် ရန်ကုန်မြို့တော် ရေပေးဝေရေး တိုးမြှင့်မှုစီမံကိန်းသည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် ပူးပေါင်းဆောင်ရွက်နေသောချေးငွေ (ODA Loan) စီမံကိန်းဖြစ်ပြီး လုပ်ငန်းအားလုံးကိုလည်း နိုင်ငံတကာတင်ဒါများ အဆင့်ဆင့်ခေါ်ယူ၍ စနစ်တကျဆောင်ရွက်နေခြင်းဖြစ်ပါသောကြောင့် လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းမှ ရေပေးဝေမှုကို အထက်ဖော်ပြပါအစီအစဉ်အတိုင်း ၂၀၁၈ ခုနှစ်တွင် ပေးဝေနိုင်မည်မဟုတ်ပါကြောင်းနှင့် အထက်တွင် ရှင်းလင်းတင်ပြခဲ့တဲ့အတိုင်းပဲ ရေးဆွဲထားတဲ့ စီမံကိန်းပြီးစီးမည့် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လခန့်မှစ၍ ရေပေးဝေနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျာ။ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို လေ့လာပါက နံပါတ်(၁) မြို့နေပြည်သူများကို နေ့စဉ်ရေဂါလန် သန်း ၃၀ ရေးပေးဝေခြင်း၊ နံပါတ်(၂) သီလဝါစက်မှုဇုန်နှင့် သီလဝါဆိပ်ကမ်းသို့ နေ့စဉ်ရေဂါလန် ၁၀ သန်း ပေးဝေရေးအစီအစဉ်ဖြင့် နှစ်ပိုင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအစီအစဉ်ဖြစ်တဲ့ မြို့နေ ပြည်သူများကို ရေဂါလန် သန်း ၃၀ ပေးဝေမယ့်အစီအစဉ်ကို အမြန်ဆုံးပြန်လည်ဆောင်ရွက်နိုင်ဖို့ အတွက် JICA နဲ့ ပူးပေါင်းဆောင်ရွက်ပေးဖို့ အစီအစဉ်များရှိ/မရှိ ထပ်မံမေးမြန်းလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ကိုယ်စားလှယ်တော်ကြီး ဖြည့်စွက်မေးတဲ့ ဒီမြို့မှာနေတဲ့လူဦးရေအတွက် သန်း ၃၀ အတွက် ရေပေးဝေခြင်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ဒီအစည်းအဝေးပြီးတဲ့အခါမှာ JICA ကိုယ်စားလှယ်များနှင့် ဆွေးနွေးပြီးတော့ ပြန်ပြီးတော့ အကြောင်းပြန်ကြားပေးပါ့မယ်။ ဒီဥစ္စာ ကိုယ်စားလှယ်ကြီး မျှော်လင့်ထားတဲ့အတိုင်း ၂၀၁၈ အတွင်းမှာ ပေးနိုင်ခြေရှိ/မရှိ ပြန်ပြီးတော့ ကျွန်တော် အကြောင်းပြန်ကြားပေးပါ့မယ်။ ဒီ လဂွန်းပြင်စီမံကိန်းနဲ့ပတ်သက်လို့ သိသမျှ ယခုအထိ အကြောင်းကတော့ ဒီကိစ္စက နိုင်ငံကြီးဖြစ်တဲ့ ဂျပန်နိုင်ငံရဲ့ကြီးကြပ်မှု၊ JICA ရဲ့ကြီးကြပ်မှုတို့နဲ့ နိုင်ငံတကာတင်ဒါတွေ ခေါ်ပြီးတော့ စနစ်တကျနဲ့ ပုံစံရေးဆွဲပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်ရောက်ခဲ့ပါတယ်။ သီလဝါစီမံကိန်းကောင်တာမှာ အကြီးအကျယ်သေသေချာချာ စီမံကိန်းချပြီးတော့ လုပ်နေတာဖြစ်တယ်။ သူရဲ့ Target အတိုင်းပဲ လုပ်နေတာဖြစ်တဲ့အတွက် ဒီမှာ ဒီလိုမေးခွန်းအတွက်ကို ထပ်ပြီးတော့ သူတို့ပေးနိုင်ခြေရှိ/မရှိအား သူတို့ကို ပြန်ပြီးမေးရမှာဖြစ်တဲ့အတွက် ဒီအဖြေကို သူတို့နဲ့ မေးပြီးတဲ့အခါမှာ ပြန်ပြီးဖြေကြားပါမယ်။ နောက်တစ်ခုက ဂျပန်ရဲ့သေချာတိကျတဲ့အကြောင်းတစ်ခုကတော့ ပြီးခဲ့တဲ့အပတ်က တိုယိုတာကုမ္ပဏီခွဲတစ်ခု ကနေပြီးတော့မှ လာပြီးတော့ ဒီ ကျွန်တော်တို့မှာရှိနေတဲ့ ငမိုးရိပ်ဆည်နှင့် လဂွန်းပြင်ဆည်ရဲ့ Safety ရန်ကုန်မြို့မှာနေတဲ့ လူထု လူတန်းစားအားလုံးအတွက်ကို Long Term Safety ရှိ/မရှိ၊ ဆည်ရဲ့လုံခြုံမှု၊ ဆည်ရဲ့တောင့်တင်းခိုင်မာမှု၊ ဘာတွေလိုအပ်တယ် ပြင်ဆင်ရမယ်ဆိုတဲ့ဟာတွေကို လာလေ့ဖို့ ကျွန်တော်တို့ဆီမှာ လာပြီးဆွေးနွေးပါတယ်။ မကြာခင်မှာ အဲဒီ လဂွန်းပြင်အပါအဝင် ငမိုးရိပ်ဆည်ကြီးကို Early Warning System ခေါ်တဲ့ တကယ်လို့ မိုးတွင်းမှာရေများခဲ့လို့ ဒီလိုရေကာနဲ့ပတ်သက်တဲ့ အန္တရာယ်များရှိမယ်ဆိုလို့ရှိရင် Early Warning System နဲ့ ရန်ကုန်မြို့နေလူထုတစ်ခုလုံးကို ကြိုတင်အသိပေးနိုင်ဖို့ လဂွန်းပြင်ဧရိယာမှာလည်း ဒီအတိုင်းပဲ ဒီနှစ်ခုကို ဦးစားပေးပြီးတော့ သူတို့ လာပြီးဆောင်ရွက်တဲ့အတွက် ဒီစီမံကိန်းတွေဟာ နိုင်ငံတကာက ကြီးကြပ်ပြီးလုပ်ပြီးတော့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အလွန်ကိုသေချာရေရာပြီးတော့ သတို့သတ်မှတ်တဲ့အတိုင်းပဲ ပြီးသွားမယ့်လုပ်ငန်းတွေဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တောင်သူလယ်သမားတို့၏ ကာယလုပ်အား၊ ချွေးတို့ဖြင့် အပင်ပန်းအဆင်းရဲခံပြီး စိုက်ပျိုးထွက်ရှိလာသော ထောပတ်ပဲကဲ့သို့ ပြည်ပပို့ကုန်သီးနှံများကို ဈေးနှိမ်ခံရ၍ တောင်သူလယ်သမားများ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ထိန်းကျောင်းကွပ်ကဲ၍ ရသင့်ရထိုက်သော အခြေခံအနိမ့်ဆုံးဈေးနှုန်းများကို နှစ်အလိုက် သတ်မှတ်ထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ဖြစ်ပါတယ်။ ဒီနေ့တင်သွင်းတဲ့အဆိုဟာ ကျွန်မ ဖေဖော်ဝါရီလကတည်းက တင်သွင်းထားတာဖြစ်ပါတယ်။ အခု ကျွန်မအနေနဲ့ အဖြေကို သိရှိပြီးဖြစ်တဲ့ အတွက် ဒီအဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ။** ။ ဒေါ်ယဉ်မင်းလှိုင်က အဆိုကိုရုပ်သိမ်းပေးပါရန် တင်ပြသွားပါတယ်။ ဒါ့ကြောင့် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းသောအဆိုကို ရုပ်သိမ်းရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့ တောင်သူလယ်သမားတို့၏ ကာယလုပ်အား၊ ချွေးတို့ဖြင့် အပင်ပန်းအဆင်းရဲခံပြီး စိုက်ပျိုးထွက်ရှိလာသော ထောပတ်ပဲကဲ့သို့ ပြည်ပပို့ကုန်သီးနှံများကို ဈေးနှိမ်ခံရ၍ တောင်သူလယ်သမားများ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ထိန်းကျောင်းကွပ်ကဲ၍ ရသင့်ရထိုက်သော အခြေခံအနိမ့်ဆုံးဈေးနှုန်းများကို နှစ်အလိုက် သတ်မှတ်ထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ရုပ်သိမ်းကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ပြည်သူ့လွှတ်တော် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကို ပြည်ထောင်စုလွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ်(၂၄/၂၀၁၆)ဖြင့် ၂-၅-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါတယ်။ ယင်းအဖွဲ့၏ အဖွဲ့ဝင်ခုနစ်ဦးမှာ ပြည်သူ့လွှတ်တော်က ၁၀-၃-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့တဲ့ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းခဲ့တဲ့ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကို ၃-၅-၂၀၁၆ ရက်နေ့မှစ၍ ဖျက်သိမ်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

အချိန်၊ ၁၀း၅၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၁၀း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**